# LESSON 20

# THE QUARREL AT KOSAMBI

**Better to live alone if we cannot find good friends**

In the 9th year of His ministry, the Buddha was residing at Kosambi. While He was there, a quarrel arose between two parties of Bhikkhus. One party consisted of experts in Disciplinary or Vinaya rules, the other group consisted of experts in the Dhamma.

The Buddha tried various ways to settle the quarrel peace- fully, but finally when His efforts had failed, He left them without a word, taking with Him only His bowl and robes, and retired to the Parileyyaka Forest.

## သင်ခန်းစာ (၂၀)
## ကောသမ္ဗီ၌ဖြစ်သော အငြင်းပွားမှု

မိတ်ဆွေအဖော်ကောင်း မတွေ့ပါက တစ်ဦးတည်းနေခြင်းသည် အကောင်းဆုံးဖြစ်၏။

မြတ်စွာဘုရားရဲ့ သာသနာတော်နှစ် ကိုးနှစ်မြောက်တွင် မြတ်စွာဘုရားသည် ကောသမ္ဗီမြို့၌ သီတင်းသုံးနေထိုင်တော်မူနေသည်။ ထိုအချိန်တွင် သံဃာများထဲတွင် အငြင်းပွားမှုဖြစ်လေသည်။ တချို့သောသံဃာတော်များက ဝိနည်းစည်းကမ်းများတွင် အလွန်နားလည်တတ်ကျွမ်းပြီး တခြားသော သံဃာအုပ်စုက တရားဓမ္မသုတ္တန်များတွင် အထူးကျွမ်းကျင်ကြလေသည်။

မြတ်စွာဘုရားသည် နည်းမျိုးစုံနှင့်ထိုသံဃာအုပ်စုနှစ်စု၏ အငြင်းပွားမှုကို အေးချမ်းစွာဖြေရှင်း ပေးသော်လည်း အကျိုးသက်ရောက်မှုမရှိခဲ့လေ။ ဒါကြောင့် ဘယ်သူကိုမှ ဘာမှ မိန့်တော်မမူတော့ဘဲ ပါရိလေယကတောတွင်းသို့ သက်န်းနှင့်သပိတ်ကို ယူကာ ထွက်ခွါခဲ့လေသည်။

During His stay in the forest, an elephant, ministered to the needs of the Buddha. The elephant cleared a portion of the forest in the midst of which stood a stone cave. Daily the elephant brought fruits as offerings to the Buddha. One day a monkey who had watched the elephant making his offerings, brought a honey- comb as an offering too.

မြတ်စွာဘုရား တောထဲတွင် သီတင်းသုံးနေထိုင်တော်မူနေစဉ်တွင် ဆင်ကြီးတစ်ကောင်သည် မြတ်စွာဘုရားရဲ့

လိုအပ်မှုများကို ပြုစုစောင့်ရှောက်ခဲ့လေသည်။ ဆင်ကြီးသည် တောတစ်နေရာကိုရှင်းလင်းပေးကာ ထိုနေရာမှ ကျောက်ဂူတွင် မြတ်စွာဘုရားအား သီတင်းသုံးရန် စီမံပေးလေသည်။ နေ့စဉ်လဲ သောက်တော်ရေ၊ သစ်သီး ဆွမ်းများကို ဆက်ကပ် လှူဒါန်းခဲ့လေသည်။ တစ်နေ့တွင် ထိုဆင်ကြီးရဲ့ ပြုစု စောင့်ရှောက်မှုများကို မြင်တွေ့ရသော မျောက်တစ်ကောင်သည် မြတ်စွာဘုရားအား ပျားရည်၊ ပျားသလက်ကို ယူဆောင်လာကာ လှူဒါန်းခဲ့လေသည်။

Meanwhile, the people of Kosambi found out that the Buddha had gone alone to the Parileyyaka Forest because of the quarrelling amongst the monks. They stopped offering alms to the monks. News of this reached Ananda at Savatthi. At the end of the rainy season Ananda decided to visit the Buddha and told him that the people everywhere were eager to hear the Dhamma from Him, especially the people at Savatthi. In this way the Buddha was persuaded to return to Savatthi and some time after this, the quarrelling monks came to seek the Buddha's forgiveness. It was because of the quarrel at Kosambi that the Buddha gave a sermon in which he said: "One should associate with the wise, not the foolish. It would be better to live alone if we cannot find good friends. There is no companionship with the foolish."

ထိုအချိန်တွင် ကောသမ္ဗီမြို့သားများသည် မြတ်စွာဘုရားတစ်ပါးတည်း သံဃာတော်များ ငြင်းခုံ အငြင်းပွား မှုကို အကြောင်းပြု၍ ပါရိလေယကတောထဲထွက်သွားသည်ကို သိရှိသွားတော့သည်။ မြို့သူ မြို့သားများက သံဃာတော်များကို ဆွမ်းကပ်လှူမှုများ မပြုကြတော့ပေ။ ထိုသတင်းသည် သာဝတ္ထိမြို့၌ သီတင်းသုံးနေတော်မူသော အရှင်အာနန္ဒာဆီသို့ ရောက်ရှိသွားတော့သည်။ မိုးကုန်ဝါကျွတ်သည်နှင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ သွားရောက်ကာ နိုင်ငံတကာ တိုင်းပြည်အများက လူအများသည် မြတ်စွာဘုရားရဲ့တရားတော်များကို နာယူရန် စောင့်စားနေကြကြောင်းနှင့်အထူးသဖြင့် သာဝတ္ထိပြည်မှ ပြည်သူ ပြည်သားများ မြတ်စွာဘုရားအား ဖူးမျှော်လို ကြကြောင်း ပင့်လျှောက်လေသည်။ အရှင်အာနန္ဒာရဲ့တောင်းပန်လျှောက်ထားမှုကြောင့် မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ပြန်လည် သီတင်းသုံးတော်မူလေသည်။ မကြာမီပင် ငြင်းခုံမှု ဖြစ်ပွားခဲ့ကြသော ရဟန်းအုပ်စု နှစ်စုတို့သည် မြတ်စွာဘုရားထံမှောက် လာရောက်ကြပြီး ၎င်းတို့အား ခွင့်လွှတ်ပါရန် တောင်းပန် လျှောက်ထား ကြလေသည်။ ကောသမ္ဗီမှာဖြစ်သော အငြင်းပွားမှုကြောင့် မြတ်စွာဘုရား တရားဟော ဆုံးမတော်မူပြီး ဤသို့ မိန့်တော်မူလေသည်။ "လူတို့သည် ပညာရှိသူနှင့်ပေါင်းဖော်သင့်ပြီး ပညာမရှိသူ ဉာဏ်မရှိသူတို့နှင့် မပေါင်း ဖော်သင့်ပေ။ မိတ်ဆွေကောင်း ရှာမတွေ့ပါက တစ်ဦးတည်းသာနေခြင်းသည် ပို၍ကောင်းမွန်၏။ ပညာမရှိသူနှင့် အပေါင်းအဖော်ကောင်းမရှိနိုင်ပေ။"